# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေး ရာစာစောင်

သခင့်စကား ၁ -၁၃၆

ပျော်ရွှင်သောခရစ်စမတ်ဖြစ်ပါစေ






သင်တို့သည် ငါ့ကြောင့်ငြိမ်သက်ခြင်း ရှိစေခြင်းငှာ ဤစကားကို ငါပြောပြော၏။ ယောဟန် ၁၆း၃၃




အမှတ်စဉ် (၁၃၆) ဒီဇင်ဘာလ ၂၀၁၂ ခုနှစ် ●မွေးဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## ခရစ္စမတ်ကဗျာ *(မင်းအောင်သက်လွင်)*

နှစ်ဆယ့်ငါးရက် ဒီဇင်ဘာ၊ ခရစ္စမတ်နေ့လို့ သတ်မှတ်တာ
နေရာတကာမှာ ကျင်းပကြ၊ ဆန်တာကလော့စ်ကြီး ခုန်ပေါက် က။
လဲလှယ်ကြတဲ့ လက်ဆောင်တွေ ရောင်စုံခြယ်လို့ လှပနေ
ရှာဦးထိပ်က ဘုရားကျောင်း၊ ထိုးသံ မစဲ ရွှေခေါင်းလောင်း။
နှင်းမှုန်လေးတွေကျလာပြီ အေးချမ်းလှတဲ့ ဒီရာသီ
ဒီဇင်ဘာမှာ ပွင့်တဲ့ပန်း လူတွေ ပြုံးပျော် ရွှင်လန်းဆန်း။
ရပ်နီးရပ်ဝေး မိတ်ဆုံစွာ တွေ့ဆုံကြတဲ့ ဒီဇင်ဘာ
ထူးဆန်းလွန်းတဲ့ သက္ကရာဇ် လူတွေပျော်တဲ့ မင်္ဂလာနှစ်။
ခရစ်သက္ကရာဇ်ရဲ့ နာရီဟာ နှစ်ထောင့်ဆယ့်နှစ် (၂၀၁၂) ရောက်ပြီဗျာ၊
ခရစ္စမတ်ဆိုတာ လူတိုင်းအတွက် ဒါကို အားလုံး မမေ့ကြနဲ့။
ဆူပွက်လွန်းတဲ့ လောက ကမ္ဘာ၊ ပူပြင်းလောင်မြိုက်ရှာ
ဒီဇင်ဘာမှာ ဖြန်းတဲ့ နှင်း၊ မေတ္တာရည်တွေ ပေါင်းစုံဆင်း။
ဘာ့ကြောင့်မို့လို့ ဒီဇင်ဘာ အေးချမ်းလွန်းလှ ပျော်ရွှင်စွာ
လူကို ကယ်တဲ့ မေရှိယ ပေါ်ထွန်းလာမယ် ဟောလို့ဗျ။
ကမ္ဘာကြီးအတွက် လက်ဆောင်ဟာ သိပ္ပံပညာတွေ မဟုတ်ဘူးဗျာ၊
အီကိုနောမစ် အီလက်ထရစ် ကောင်းကင်ဘုံမှာ နောက်ကျန်ရစ်။
အရှေ့အရပ်က ပညာရှိတွေ ကုလားအုတ်ကြီးနဲ့ လာပြီလေ၊
လော်ဗန် မုရန် ရွှေနဲ့ ဆက်၊ ကောင်းကင်ဘုံက သူဆင်းသက်။
ခရစ္စမတ်ဆိုတဲ့ အဓိပ္ပါယ်တွင်၊ ခရစ် နဲ့ လူသား ပေါင်းဆုံချင်
အစအဦးက ပြင်ဆင်ထား အဖဘုရားရဲ့ အကြံအစည်များ။
အပြစ်သားတွေ ဟစ်အော်နေ၊ ငရဲ သွားမဲ့ လမ်းမှာလေ၊
တမလွန်ဘဝမှာ သာယာဖို့ ကယ်တင်ရှင်ကို လက်ခံစို့။ ။








-----------------------------------------------------------

## ဒီဇင်ဘာ ဆောင်းတစ်ည (Happy Birthday Jesus )

ရောက်လာခဲ့ပြီ ၊ အိုဒီဇင်ဘာ ၊ ရင်၌ပိုက်ဂယ် ၊ မေ့မရသော
သည်ဒီဇင်ဘာ ၊ မေမေ ညီမ ချစ်မိတ်ဆွေများ ၊ ပြုံးရွှင်ပြုံးလျက်
ပျော်နေသည်မှာ “ Marry Christmas ” ပါတဲ့ကွယ် ....
ကျေးဇူးတော်ကြောင့် ဒီနှစ်မှာလည်း ၊ ပါဂင်ဆင်နွဲ ၊ ပျော်ရွှင်ခွင့်ရ ..
ရာသီတကာ ၊ ရာသီများထက် ၊ ထူးခြားနေသော ၊ ဒီဇင်ဘာလ ...
ကမ္ဘာကြီးထဲ ၊ လှပမှုတွေ ၊ ပြည့်လျှံစေခဲ့ ၊ ထူးဆန်းတဲ့ကြယ် ..
ထွန်းပေါ်လာစေ ၊ ကယ်တင်ရှင်ကို ၊ ဦးကြိုပြုလျက် ၊ ထွန်းတောက်စေခဲ့..
နွားစားခွက်ထဲ ၊ အေးချမ်းစွာနှင့် ၊ မွေးဖွားလာသော ၊ မောနွေလ
ယုံကြည်သူ ရင်ထဲ ၊ သာယာမှုတွေ ၊ ပြည့်နှက်စေခဲ့ ။
ကယ်တင်ရှင်ရဲ့ ၊ အမည်လေးက ၊ ကယ်တင်ရှင် ယေရှု ပါတဲ့ကွယ် ...
လောကထဲက ၊ နာမည်များနှင့် တမူထူးခြား ၊ သခင်ယေရှု နာမည်လေး ။
နာမည်မျိုးစုံ ၊ ကြားဖူးသော်လည်း ၊ မငြိမ်းချမ်းကွယ် ၊
သခင်ယေရှု ဆိုတဲ့နာမည် ၊ ကြားကြားချင်းပဲ ၊ ရင်တွင်း၌ ငြိမ်းချမ်းစေတဲ့ နာမည် ။
ကျေးဇူးတင်၏ သခင်ဘုရား “Happy Birthday Jesus ”
မေ့မရတဲ့ ဆောင်းညလေးရယ် ၊ ရင်ထဲ အစဉ် သိမ်းလျက်ရှိ၏
နှစ်တွေ လတွေ ၊ မည်မျှကြာအောင် ၊ ကုန်ဆုံးခဲ့လည်း ၊
ယုံကြည်သူတိုင်း မမေ့နိုင်သော “ ဒီဇင်ဘာ ဆောင်းညတစ်ည”

*သဲမြတ်မွန် ( ဖလမ်း ) Thain Hnem Par*









-----------------------------------------------------------

## ခရစ္စမတ်နေ့ *F. Penny (mizo) တမူး*

ရာသီ အလီလီပြောင်း ၊ အချိန်ကာလ တစ်ခုပြီးဆုံးသွားတော့
ပျော်ရွှင်ကြည်နူးစွာ စောင့်မျှော်နေမိခဲ့တာ ခရစ္စမတ်နေ့ကိုပါ ။
ခရစ္စမတ်နေ့ရောက်အချိန် ၊ တူညီနေပေမဲ့ ၊
ကြုံတွေ့ရတဲ့ ခရစ္စမတ်နေ့မှာ ခြားနားခဲ့ပြီ ။
ဟိုအရင် တချိန် ခရစ္စမတ်နေ့မှာ မိသားစု စုံလင်စွာနှင့် ၊
ပျော်မြူးကာ သီကျူး ၊ ချီးမွမ်းကြ ဂုဏ်တော် ၊အပြုံးလေးတွေ ကိုယ်စီ ဖလှယ်ကြ ၊
ဝမ်းမြောက်ကာ ချီးမွမ်းကြတယ် ဂုဏ်ကျေးဇူးတော် ။
ဖေဖေ မေမေ မောင်နှမများရယ် ..အေးချမ်းလှ ဆောင်းရဲ့ တညမှာ မီးပုံဖိုကာ
သူငယ်တော်ကို ကြိုဆိုခဲ့ကြတယ် ။ အေးမြတဲ့ ခရစ္စမတ်နေ့မှာ
နွေးထွေးတဲ့ မိဘရင်ခွင် မောင်နှမများရယ် ပျော်ရွှင်ခဲ့ဖူးတယ် ..
အခုတော့လည်း ဒို့တယောက်ထဲ..ခရစ္စမတ်နေ့မှာ အထီးကျန်နေမိတယ်
ဟိုတနေရာ ဒီတနေရာ ငေးကြည့်မိတော့ ..
အခြားသော မိသားစုတတွေ စုံလင်ကာ ပျော်မြူးကြ ..
မောင်နှမများ ပြုံးပျော်ကာ မိဘများနှင့် .. သူငယ်တော်ကို ကြိုဆိုကြပေါ့ ..
တမ်းတမိတယ် ဟိုတချိန်မှာ ခရစ္စမတ်နေ့ကို..
ပြန်လည်ကာ ရယူချင်မိတယ် .. ဖေဖေ မေမေ မောင်နှမများရယ် စုံလင်စွာ
ခရစ္စမတ်နေ့မှာ ပျော်မြူးချင်မိတယ် ..
အခုတော့လည်း ခရစ္စမတ်နေ့မှာ ဒို့တစ်ယောက်ထဲ
ဂုဏ်တော်ချီးမွမ်းကာ သူငယ်တော်ကို ကြိုဆိုနေမိတယ်...
ခရစ္စမတ်နေ့မှာ ဒို့တစ်ယောက်ထဲကွယ် ..
ခရစ္စမတ်နေ့မှာ တစ်ယောက်ထဲ အထီးကျန်... စက်ာပူနိုင်ငံရဲ့ တစ်နေရာလေးမှာ ...။





-----------------------------------------------------------

## ခရစ္စမတ် *ဆောင်းဦး*

နှင်းမှုန်တွေကျ အေးချမ်းလှ တိတ်ဆိတ်လှတဲ့ ညတစ်ည။
ကညာအပျို မာရိ ဟာ မွေးဖွားဖို့ရန် နေရာရှာ။
နွားလေးတွေက နေရာပေး နွားစားခွက်ကလေး။
တို့တွေလည်း ရင်ထဲမှာ သူ့ကိုနေရာ ပေးမှသာ
ကောင်းကင်ရွှေပြည် စံပျော်ဖို့ နှလုံးသားကို ဖွင့်ထားဖို့ ။



-----------------------------------------------------------

## ခရစ္စမတ်အချိန် *Mary (ဖျာပုံ)*

ခရစ္စမတ်အချိန်အခါ သမယသည် ပေးကမ်းလှူဒါန်းရသောအချိန်
အချင်းချင်း၏ အပြစ်ကို ခွင့်လွှတ်ရသောအချိန်
ဂုဏ်တော်ချီးမွမ်းရသောအချိန်။ ဝမ်းမြောက်ပျော်ရွှင်ရသောအချိန်
ဧဝံဂေလိတရားတော်မြတ်ကို ဟောပြောသက်သေခံ အချင်းချင်းမေတ္တာထားရမဲ့အချိန်
မိသားစုများ ပြန်လည်တွေ့ဆုံနိုင်တဲ့အချိန်။
အသင်းတော်ရှိ ယုံကြည်သူများ မိတ်သဟာယဖွဲ့ခြင်း တိုးမြှင့်ရမဲ့အချိန်
ဓမ္မသီချင်းများ ကို ဝမ်းမြောက်စွာသီဆိုရမဲ့အချိန်။ နားထောင်ရမဲ့အချိန်
အပြစ်များမှ နောင်တရရမဲ့အချိန်နဲ့ အသစ်သော အသက်တာသို့ ကူးပြောင်းရမဲ့အချိန်
ခရစ်တော်၏ ဒုတိယအကြိမ်ပြန်ကြွလာမဲ့အချိန်ကို အထူးမျှော်လင့်စောင့်စားရမဲ့အချိန်
နှစ်သစ်ကူးအချိန်သို့ရောက်တော့မှာဖြစ်တဲ့အတွက် ကျေးဇူးတော်ချီးမွမ်းရမဲ့အချိန်နဲ့
ဆက်ကပ်အပ်နှံရမဲ့အချိန်။ မနေ့ယနေ့နောင်ကာလ ထာဝစဉ် တည်နေမဲ့ အချိန်
အနှစ်သာရပြည့်ဝတဲ့ ခရစ္စမတ်ဖြစ်ပါစေ။

-----------------------------------------------------------

## နေ့သစ်ခွန်အား *နန်းရထိုက် (က . န .ခ)*

အာရုဏ်မိုးသောက် နေ့သစ်ကြိုဘို့ နေမင်းကြီးလည်း ထွန်းတောက်ခဲ့ပြီ။
ငှက်ပေါင်းစုံရဲ့ တေးသီချင်းသံလဲ ကြားနေရပြီ။
အိမ်ရှေ့ ဘက်ရှိ မှန်အပြင်ဘက်မှ သာယာရှုခင်း လှမ်းကာကြည့်ရင်





ပျော်ရွှင်သောခရစ်စမတ်ဖြစ်ပါစေ



မျက်ဝန်းထဲက မျက်ရည်စီးကျ လွမ်းနေမိတယ် ကျေးတောရွာဆီ
ခမ်းနားကြီးကျယ် အိမ်ကြီးထဲဂယ်
သိမ်ငယ်စွာနဲ့ အသက်ရှင်ရင်း ဘဝအတွက် ပေးဆပ်ခဲ့ရ
နေထွက်ကနေ နေဝင်သည့်တိုင် တကုပ်ကုပ်နဲ့ လုပ်ကာပေးလဲ
အလိုမကျ ပြစ်တင်သံ မစဲ အော်ကာဆူပူ ငေါက်ကာနေတယ်
ရင်နာနေရ maid ဘဝ။ ညည့်နက်သန်းခေါင်လဲ အိပ်မပျော်ခဲ့
မိုးလင်းသွားမှာ တွေးကြောက်နေမိ S'pore ရဲ့ maid ဘဝက မလွယ်ကူဘူး
ဆူပူသံကို တရားတစ်ပုဒ်လို နားဆင်ရင်း နေမင်းဝင်လို့ ညလည်းရောက်တော့
အိမ်ယာထဲဝယ် ထိုင်ကာ ဆုတောင်းနေမိတယ်
အဖဘုရား နေ့သစ်ခွန်အား ပေးတော်မူပါ... ထာဝရအိမ်တော်ဆီသို့ ( ဆာလံ ၂၃ )
ငါ၏ သခင် ပဲ့ကိုင်ရှင် ငါ့ကို ထာဝရ စောင့်မကြည့်ရှုတော်မူ၏
ဒုက္ခဆင်းရဲ ငါမကြောက် စိမ်းလန်းသာယာ ကျက်စားရာ၌ ငါ့ကိုအိပ်စေခဲ့၏
ကြည်လင် အေးချမ်း မြစ်ကမ်းနားသို့ လမ်းပြပို့ဆောင်သည့် သခင်
မှောင်မိုက်ကျွမ်မှာနှင့် ကင်းကွာစေပြီး တရားလမ်း၌ သွေးဆောင်ခဲ့ပြီ။
သေမင်းအရိပ် လွှမ်းမိုးချိုင့်ထဲ လျှောက်ရသော်လဲ ငါမကြောက်ဘဲ
ဘေးအန္တရာယ် အသွယ်သွယ်လည်း ငါမမှုခဲ့။
ငါ၏သခင် မေတ္တာရှင်သည် ငါနှင့်အတူ ရှိတော်မူ၏
မေတ္တာတော်နှင့် ဂရုဏာသည် ငါ့ကို ချမ်းသာစေပါ၏
ရန်သူရှေ့ မှာ ကွယ်ကာပေးတဲ့ မေတ္တာရှင် လျှံလျှက်နေသော ကောင်းကြီးများဖြင့်
ထာဝရဘုရား၏ အိမ်တော်ဆီသို့ အစဉ်အမြဲနေရ၏။ *က . န .ခ နန်းရတိုက်*




---

## အပြောကောင်းသူနဲ့ အကောင်းပြောသူ *L နန်ကိုင်*

အခုခေတ်က လူငယ်တွေ သိပ်ဆန်းလှသလို အပြောကောင်းကြပါတယ် ။
ခေါ်နေတာက ဘုရား ဘုရား။ မြင်နေတာက ငွေကြီးလား
ဘုရားပေးတာက ရွှေအိုး။ ယူလိုက်မိတော့ ငရဲအိုး...
ဘုရားပေးလိုက်တာက ထာဝရ မေတ္တာ၊ ရလိုက်တာက ငရဲကို သွားရမဲ့ လိပ်စာ..
ဘုရားပေးလိုက်တဲ့ ချစ်မေတ္တာ၊ လူတွေရှေ့ မှာ လက်သုတ်ပါဝါ ။
ချမ်းသာတဲ့သူတွေက တဟားဟားနဲ့ ရီနေတယ် ။
သေချာမြင်ကြည့်လိုက်တော့ ငရဲမင်းကြီးနဲ့ တူနေတယ်။ပျော်ရွှင်မှုကို ဘဝနဲ့ရင်းကာ
ပျော်လိုက်ရတာ ခဏတာ ။ ခံလိုက်ရတော့ တသက်သာ။
ဘဝနဲ့ ရင်းကာကြိုးစားပါ ပျော်ရွှင်မှုက အနာဂတ်မှာ
ခေတ်ကြီးက တိုးတက်နေတော့ လူတွေလည်း များကြပေါ့ ။
မိတ်ဆွေရယ် .. သတိထားပါ .. အပြောကောင်းသူကို ရှောင်ကျဉ်ပါ ။
လူတွေနဲ့ ပေါင်းရင် သတိထားပေါင်း။ အပေါင်း မကောင်း ဘဝပျောင်း..
အပြောကောင်းသူနဲ့ အကောင်းပြောသူကို သေချာရွေးပါ ။
မရွေးတတ်ရင် သွားပါပြီ ဝမ်းနည်းရလိမ့်မည် ။
အပြောမကောင်းနှင့် မနောစိတ် ကောင်းပါ။ လူတိုင်းရဲ့ အပေါ်မှာ မေတ္တာထားပါ ။
မေတ္တာဟူသည် အနာဂတ်ရဲ့ အလင်းရောင် ဖြစ်မည် ။
လူတိုင်းရဲ့ ရင်ခွင်မှာ ဘုရားသခင် ရှိပါစေ...။ *L နန်ကိုင်*



---



## ဆုတောင်းသံ *မလေး(တပ်ကြီးကုန်း အသင်းတော်- မော်ဘီ)*

ရယူခြင်းတွေရှိခဲ့ရင် ပေးဆပ်ခြင်းတွေလည်း ရှိစမြဲပင်
ဒို့ချစ်တဲ့ သခင် ကတော့ ရယူပိုင်ဆိုင်လိုမှုတွေကို ဥပက္ခာပြု
ပေးဆပ်ခြင်းတွေ အရင်းပြုလို့ အပြစ်နွံအတွင်း .... နစ်ကျံဆင်းတဲ့
အကျွန်ုပ်လို အမိုက်အမဲ ဆိုးညစ်တဲ့ လူသားအပြစ်များအတွက်
ဂေါလဂေါသ ကုန်းမြင့်အရပ်မှာ ခန္ဓာကိုယ် စတေး ... အသက်သွေးချွေး
မြေမှာ ခဏ .. အကြင်နာ .. မေတ္တာ .. ဂရုဏာ
ချစ်ခြင်း သက်သက် ပေးဆပ်ခဲ့တာ .. ဒီအနိုင်းမဲ့ ချစ်ခြင်း .. ရင်မှာအောက်မေ့ရင်
တန်ဘိုး ကင်းမဲ့ အကျွန်ုပ် အသက်တာ သုညမှ စကာ...
အလိုရှိရာ ပုံသွင်းပြုပြင်ပါ.. အကျွန်ုပ်ဘဝ.. သခင့်ဆန္ဒ
အကျွန်ုပ်အသက်... သခင့်အတွက် ပြန်လည် ပေးဆပ်တစ်ခု...
အသိအမှတ်ပြုရန် အကျွန်ုပ်ဆုတောင်းသံ
သခင်နားညောင်းရန် ဆုတောင်းပန်...။ ။



---

## အမုန်းစကား *ထူးဝေကျော်*



ကြားရုံနဲ့ အခံရ ခက်လိုက်တာ။ ဘယ်လိုကြီးမှန်း မသိဘူး.... အဲဒီစကား
စူးရဲပုံက လွှမ်းတာနဲ့လည်းမတူ။ ကြည်နူး ပျော်ရွှင်ရတာနဲ့လည်း ခြားနား
ကိုယ့်ကိုယ်တောင် သတ်သေ ချင်သွားတယ် ။

---

## "ဘောင်မဲ့မေတ္တာ" *ဝင်းမြင့်ဦး*

မဝေရင် နေပါစေ မကြွေပါရစေနဲ့လို့ လေပြည်ကို အသနားခံနေသူရယ်--။
ဩော်---လုတဲ့ ပန်းတိုင်း မမွှေး၊ မွှေးတဲ့ပန်းတိုင်း မလှ
တဒင် ခဏ--- ကွဲပြားမှုကို ချိန်တွက် နလုံးသား မျက်ရည်တစ်စက်
ထွက်လာတဲ့ဘာသာဗေဒ အနတ္တ ------ ။



မှောက်ထားတဲ့ခွက်ကိုမှ ပြည့်အောင် ဖြည့်နေမိပြန်ရဲ့
စေတနာ၊ အကြင်နာ၊ ဝေဒနာ နာ တခြင်း အတူတူ
ချိန်ခွင်ဘောင်ညီ မရမှန်းသိနှင့်ပြီးသား တလမ်းသွားမေတ္တာ၊ နောင်ကြိုးမဲ့သစ္စာ
ယာယီဘောင်ခတ်မထား နောင်တ နလုံးသားနဲ့ လှည့်ပြန်ခဲ့ရင်
လေထန်အဆင့်မှာ လွင့်ကြွေရင်တောင်
ဝေယံအမြင့်မှာ ပွင့်ဝေဖို့ ပြင်ဆင်ပေးထားသူပါ။ ။ WMO 19-9-2012


---

## နှစ်သစ်

## နှစ်သစ် (New Year) *လှဒီ*

နှစ်သစ် ရောက်မည်ဆိုသော အသိ လူတိုင်းကို စိတ်လှုပ်ရှားစေပါသည် ။ နှစ်ဟောင်းမှ အဟောင်းများကို စွန့်ပစ်ပြီး အသစ်သော အရာများဖြင့် ဖယ်ယှဉ်ပြီး အဟောင်းနှင့် အသစ်ကို လဲလှယ်ကြပါသည်။ နှစ်ဟောင်းမှ ဆုံးရှုံးမှုများ၊ စိတ်ပျက်မှုများကိုလည်း နှစ်သစ်မှာ ပြန်လည် အသစ်တဖန် တည်ဆောက်မည် ဆိုသော အသိဖြင့်လည်း နှစ်သစ်ကို အားတက်သရော စောင့်မျှော်မိသလို အောင်မြင်သူများလည်း နှစ်သစ်မှာ နှစ်ဟောင်းထက် ပိုပြီး အောင်မြင်ဖို့ မျှော်လင့် နေကြပါသည်။ ၁ကော ၅ း ၁၇ လူမည်သည်ကား ခရစ်တော်၌ ရှိလျှင် အသစ် ပြုပြင်သော သတ္တဝါဖြစ်၍ ဟောင်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ ။ ၁ကော ၄ း ၁၆ ထို့ကြောင့် ငါတို့သည် အားလျော့စိတ်ပျက်ခြင်း နှင့် ကင်းလွတ် ကြ၏။ ငါ၏ ပြင်လူသည် ဖောက်ပြန်ပျက်စီးခြင်း သို့ရောက်သော်လည်း အတွင်းလူ မူကား တနေ့ထက် တနေ့ပြုပြင်ခြင်းကို ခံရ၏ ။ နှစ်သစ် ရောက်မှ ပြောင်းလဲခြင်း မဟုတ်ဘဲ ခရစ်တော်၌ရှိလျှင် ကျွန်မတို့ အသစ် ပြုပြင်သော သတ္တဝါ ဖြစ်သလို ဟောင်းသောအရာ ပြောင်းလဲပြီး ခပ်သိမ်း သော အရာတို့ဟာ ကျွန်မတို့ ဘဝမှာ အသစ် ဖြစ်ပေါ်လာပါတယ်။ ဘုရား သခင်ကိုလည်း ယေရှုခရစ်တော် အားဖြင့် အဘ ခေါ်ခွင့်ရပါတယ် ။ ဒါဟာ ကျွန်မ တို့ ဘဝရဲ့ ကြီးမားသော ပြောင်းလဲခြင်း ဖြစ်ပါသည် ။ ထိုအပြင် နှစ်သစ်ရောက်မှ ပြုပြင်ခြင်း မဟုတ်ပဲ ကျွန်မတို့ရဲ့ အတွင်းလူက တနေ့ထက်တနေ့ ပြုပြင်ခြင်းကို ခံရပါသည်။ တနေ့ပြီး တနေ့ ဘုရားသခင်၏ မျက်မှောက်တော် သက်သေ၊ ဂရုဏာ၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ ချစ်ခြင်းနှင့် ရစ်ပတ်ပြီး စိတ်လှုပ်ရှားစွာ နေ့တိုင်း အသစ် အသစ်ကို မြင်တွေ့ခံစား အသက်ရှင်ရပါသည် ။

တနေ့ မနက်ခင်းမှာ စာရေးသူသည် မထုနှင့် စကားစမြည် ပြောဖြစ် ပါသည်။ စာရေးသူ "ဘုရားက လူတိုင်းကို ချစ်သလို ကျွန်မနဲ့ မထု ကိုလည်း ချစ်တယ် ကျွန်မတို့ကိုလည်း စကားပြောတယ်၊ လမ်းပြတယ် " မထု "ဟုတ်ပါ တယ်။ ကျွန်မ အရင်က ယေရှုကို မသိပါဘူး၊ ကျွန်မ အစ်မ ပြောပြပါတယ်၊ လက် မခံတဲ့ အပြင် စိတ်ဆိုးမိတယ် " စာရေးတဲ့သူ "ကျွန်မလည်း အရင်က သူများလို ဘုရားကျောင်း တက်၊ ဒီလိုနဲ့ သူငယ်ချင်းတွေနဲ့ အချိန်ကုန်ခဲ့တာ ယေရှုကို သိ သလိုလို၊ မသိ သလိုလို ဖြစ်ခဲ့တာ။ ကျွန်မရဲ့ ဘဝ တကွေ့ ဆုံးရှုံးခြင်း၊ မျှော်လင့် ချက်မဲ့ပြီး လမ်းဆုံး အချိန် ရောက်တဲ့ အခါမှာ ဘုရားကို ရှာဖွေခဲ့တယ်။ ယေရှုနဲ့ တွေ့ပြီး ပြောင်းလဲလာတာပါ။ ကျွန်မက ရယ်ပြီး "ယေရှုက အတွေ့ခံတာပါ " မထု.. "ကျွန်မလည်း ယေရှုနဲ့ တွေ့ပြီး ပြောင်းလဲတဲ့ အဖြစ်အပျက်ရှိပါတယ်။ ကျွန်မ ရန်ကုန် တခါမှ မရောက်ဘူး မြစ်ကြီးနားမှ ရန်ကုန်ခရီးမှာ လူကြုံနဲ့ လိုက်လာတာပါ။ လူကြုံနဲ့ မန္တလေး ရထားအပြောင်းမှာ လူကွဲသွားတယ်။" စာရေးသူ " မထုရယ် လာကြိုတဲ့သူကို ဖုန်းဆက်လို့ ရတယ်လေ။" မထု "ကျွန်မ ဆက်ပါတယ် ဖုန်းကိုင်တဲ့သူက မရှိ မသိဘူးလို့ပြောတယ်။" စာရေးသူ စိတ် ဝင်စား စွာဖြင့် "ဒါဆို မထု ရန်ကုန်ကို ဘယ်လိုရောက်သွားတာလဲ" မထု "ကျွန်မမှာ တလမ်းလုံး စိတ်လည်းပူ၊ ထုပူနေတာပဲ၊



---



သခင့်စကား ဓိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၆ ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ရန်ကုန်ရောက်မှာ အရမ်း ကြောက်နေမိတယ် ။ တတွဲထဲ ပါလာတဲ့ သူကို အကူအညီ တောင်းကြည့်ပါ တယ်။ ကျွန်မဆီမှာ လိပ်စာ မရှိတော့ ပိုဆိုးတာပေါ့။ ဘယ်သူမှ မကယ်နိုင်ဘူး။ ကျွန်မ အတွက် မျှော်လင့်မဲ့လမ်း ကုန်နေပါပြီ။ ရန်ကုန် ရထားဆိုက်တဲ့ အချိန် လူတိုင်း ဆင်းသွားကြပါပြီ။ ကျွန်မနဲ့ အမျိုးသမီးကြီး ( ၃ )ဦးပဲ ရထားတွဲမှာ ကျန်ခဲ့ပါတယ်။ ကျွန်မက မျက်လုံးမှိတ်ပြီး နောက်ဆုံး ဆုတောင်းမိပါတယ်။ ဘုရားသခင် ကျွန်မကို ကူညီပါ ရထားပေါ်ကနေ ဆင်းဘို့ ကြောက်တယ်။ တအောင့် ကြာတဲ့ အခါ၊ ယောကျ်ား အသံနဲ့ ကျွန်မနားထဲမှာ "သမီးရောက်လိုတဲ့ နေရာကို ငါကိုယ်တိုင် ပို့ပေးမယ်။" ဆိုတဲ့ အသံကြားလိုက်တာနဲ့ ကောက်ပြီး ခြေတလှမ်းဘဲ လှမ်းရသေးတယ်။ မထု၊ မထု၊ ဒီမှာ ဆိုပြီး တကြော်ကြော် နဲ့ ကျွန်မကို လာကြိုတဲ့သူက လက်ပှေ့ရမ်းပြီး ခေါ်နေတာတွေ့ ရပါတယ်။ ကျွန်မရဲ့ ဘဝ ဘုရားသခင် အသက်ရှင်ခြင်းရဲ့ သက်သေပါပဲ။ ခေါ်ရင်ထူးပြီး ကူညီမစတဲ့ ဘုရား၊ ကျွန်မရဲ့ အတွေ့ အကြုံ တသက်မမေ့ဘူး။ စာရေးသူနဲ့ မထုဟာ တယောက်ကို တယောက် အားပေး စကားပြောရင်း နံနက်ခင်းကို ကုန်ဆုံး စေခဲ့ပါသည်။ ကျွန်မတို့ ရင်ထဲ အသီးသီးထဲမှာ မမေ့နိုင်သော အသက်ရှင်သော ဘုရားနဲ့ ပထမဆုံး ကြုံတွေ့ရတဲ့ အဖြစ်အပျက်ကို စိတ်လှုပ်ရှားစွာ တဦး နှင့် တဦး ပြောပြမိကြပါသည်။ စိတ်ပျက်ခြင်း၊ အားလျော့ခြင်း၊ မျှော်လင့်ချက်မဲ့သော အရာ များ နှစ်ဟောင်းမှာ ကြုံတွေ့သော်ငြားလဲ နှစ်သစ်မှာ မိတ်ဆွေများကို "ယေရှု ခရစ်တော်" က လက်ကမ်းပြီး အသင့်ကြိုဆိုနေပါတယ်။ "ယေရှုခရစ်တော်"ဟာ လူသား တွေကို ကယ်တင်ဖို့ရန် အတွက် ကျွမ်းကျင်သော အရှင်ဖြစ်ပါသည်။ မိတ်ဆွေများ သင်လမ်းကုန်ပြီး ဘယ်လိုမှ မရတော့ဘူးဆိုတဲ့ အချိန်ကြုံတွေ့တဲ့ အခါ "ယေရှုခရစ်တော်" ကို ရိုးရိုးလေးပဲ နှလုံးသားထဲက ခေါ်လိုက်ပါ။ သက်သေ ထုမှာ ဖြစ်ပါတယ်။ ယေရှု ခရစ်တော်ဟာ အသက်ရှင်ခြင်း သက်သေရှိပါသည်။ တဦးနဲ့ တဦး ဆုံတွေ့တဲ့ အချိန်မှာ အခြားသော သူများ မတည်ဆောက်သော အကြောင်း အရာများ စကား ဖလှယ်မဲ့ အစား၊ တဦးနဲ့ တဦး ချစ်ခြင်းမေတ္တာဖြင့် ယုံကြည်ခြင်းကို တည်ဆောက် ကြပါစို့။ မိတ်ဆွေ နှစ်သစ်မှာ ယေရှုနဲ့ အတူအောင်မြင်စွာ အသက်ရှင်ဖို့ ယေရှု ခရစ်တော် စောင့်မျှော်နေပါတယ်။ ယေရမိအနာဂတ္တိကျမ်း ၃၃း၃ "ငါ့ကိုခေါ်လော့ ငါထူးမည် ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသော အရာတို့ကို ငါပြမည်။" လုဒိ

--------------------------------------------------------------------------------

## A Good Deed Keeps the Mind Happy *အန်တီတစ်ဦး*



Reading Digest မဂ္ဂဇင်းထဲမှာ တနေ့တာ အတွင်း ကောင်းမှု တခုပြု ခဲ့ကြပုံများကို ဖတ်ရလေ့ရှိပါတယ်။ ဥပမာ လူတယောက်က တာယာ အပွန်း တွေနဲ့ ကားလျှောက်မောင်းနေတဲ့ မိသားစုတစုကို တွေ့တော့ ရဲကို ပိုက်ဆံပေးပြီး လိုက်ဖမ်း၊ ခြေရာခံ ခိုင်းပါတယ်။ ဖမ်းဖို့ မဟုတ်ပဲ တွေ့ရင် တားပြီး၊ တာရာ လဲဖို့ ငွေပေး ခိုင်းတာပါဘဲ။ သူပေးတာကိုလည်း ကာယကံရှင် မသိစေရဘူး။ လူအများ မနှစ်သက်တဲ့ ရဲကလည်း ကောင်းမှုတခု ပြုရတော့ စိတ်ချမ်းသာတယ်။ အဲဒီ သဘော အတိုင်းဘဲ ကျမ ကိုယ်တွေ့ကြုံခဲ့ရပါတယ်။ ကျမက ညပိုင်း အလုပ် လုပ်သူ ဖြစ်တဲ့အတွက် ည ၉ နာရီလောက်မှာ ဘူတာကနေ လေ့ခါးနဲ့ ဆင်းမလို့ ပြင်နေတုံး ရှေ့က သွားနေတဲ့ အနီရောင် တီရှပ်ဝတ် လူငယ်တယောက် ရဲ့ လက်ကိုင်ဖုန်းဟာ သူ့အိတ်ထဲ ကနေ ထွက်ကျသွားတာကိုတွေ့လိုက်ရတယ်။ သူကတော့ မသိလိုက်ဘူး မီးစိမ်းသွားလို့ ဟိုဘက်ကို ကူးသွားရော သူ့ဖုန်းကို လူတစ်ယောက်က ကောက်ပြီး သွားပြေး ပေးဖို့ လိုအပ်နေပါတယ်။ ကျွန်မက အသက်၆ဝ ကျော်ဆိုတော့ လုံးဝ မပြေးနိုင်ဘူး။ အဲဒါနဲ့ လေ့ခါးနားမှာဘဲ မလှုပ်မယှက် ရပ်ပြီး၊ မျက်နှာချင်းဆိုင်က လာတဲ့ အရပ်ရှည်ရှည် ကျောပိုးအိတ်နဲ့ လူငယ်တယောက်ကို အော်ပြောပါလေ ရော .. The Red One .. The Red One လို့ အော်ပြောပြီး ကျကျန်ခဲ့တဲ့ သူ့ဖုန်းကို ကောက်ပြီး လက်ဆင့်ကမ်းပေးလိုက်တယ်။ အရပ်ရှည်လူငယ်လဲ ဟိုဘက်လမ်းကို ပြန်ကူးရတယ်။ ပိုင်ရှင်ကလည်း ခပ်သုတ်သုတ် သွားနေတော့ .. လမ်းကြားထဲပါ သူလိုက်ဝင်ပြီး မနဲမှီအောင် လိုက်နေရတယ်။ အနီရောင်ဝတ် သူငယ်ကိုမှီပြီး ဖုန်းပေးပြီးမှ သူ့ခမျာ ဒီဘက်ကမ်းကို ပြန်ကူးပြီး ပြန်လာရတယ်။ ကျွန်မကလည်း သူပြန်လာတဲ့ အထိ စောင့်နေပြီး ကျေးဇူးတင် စကားပြောလိုက် ပါတယ်။ ကိုယ်က လိုက်လို့ မမှီပေမဲ့ တဆင့် လိုက်ပေး ပေးတဲ့ အတွက် ကျေးဇူး တင်ကြောင်း ရပ်ပြောပြီးမှ အိမ်ပြန်ရတယ်။ ခနစောင့်ပြီး ကားပေါ်တက်မှ အနီရောင် ဝတ်သူက မိန်းကလေး ဖြစ်ကြောင်း သိရပါတယ်။ အဲဒီလောက် နမော် နမဲ့ လမ်းသွားရသလား။ ပြောချင် လိုက်တာ။ အဲဒီလို တကူးတက အချိန်ပေးပြီး လိုက်ကူညီတဲ့ သာဓက တွေလဲ သတင်းစာမှာ ပါတတ်ပါတယ်။ ဥပမာ sentosa မှာ ဗီယက်နမ် ကျောင်းသူတယောက် ရေနစ်တုံးက ကယ်တဲ့သူတွေဟာ စင်ကာပူနိုင်ငံသားမဟုတ်ဘဲ နိုင်ငံခြားသားဖြစ်တဲ့ ဗမာနဲ့ ကုလား အမျိုးသား တွေပါဘဲ။ ကျွန်မက စင်ကာပူမှာ အချိန်ပိုင်း ကျူရှင် ပြပေးနေတာဆိုတော့ အိမ်စာ မယူသွားချင်တဲ့ ကလေးတွေကို ခြိမ်းခြောက်တဲ့ နည်းသစ် တခု ရသွား တယ်။ မင်း အိမ်စာ မယူရင် အိမ်ကို လိုက်ပေးမယ်။ လိုက်လို့ မမှီရင် တော့ လမ်းတွေ့တဲ့ passer – by ကို အမှီလိုက် ပေးခိုင်းမှာနော်လို့ အတင်း လိုက်ပေးတဲ့ နည်းပါဘဲ။ ။ ***အန်တီတစ်ဦး***

------------------------------------------------

မနက်ဖြန်

## သင်မပိုင်သော မနက်ဖြန် *မာရာနသာ နီနီခိုင်*

ကျွန်မတို့ရဲ့ အသက်တာမှာ တနေ့ပြီး တနေ့ကုန်ဆုံးသွား သလို အတွေးပေါင်း များစွာနှင့်။ မနက်ရောက်ရင် ဘာလုပ်မလဲဆိုတဲ့ စီမံကိန်းကို အကြီးအကျယ် ဆွဲတတ် ပါတယ်။ ကလေးများရဲ့ ရှေ့ရေး ၊ အိုစာ မင်းစာ ရှာရင်းနဲ့ လုံးခြာ လိုက်နေတဲ့ ကျွန်မတို့ကို သခင်ယေရှုက နက်ဖြန်အဘို့ မစိုးရိမ်ကြနှင့် မဿဲ ၆ ： ၃၄ တဲ့။ ကျွန်မတို့ရဲ့ စိုးရိမ်မှုဟာ ကျွန်မတို့ရဲ့ အသက်တာမှာ ဝန်ထုပ်ဝန်ပိုးဖြစ် နေပါတယ်။ လေးလွန်းတဲ့ ကျွန်မတို့ကို သခင်ယေရှုက ဂန်လေးသော သူ အပေါင်း တို့၊ ငါထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည် .. မဿဲ ၁၁ ： ၂၈။ ကျွန်မတို့ဟာ ဘုရားသခင်ဆီကို ဝန်တွေ သွားပေးခဲ့ သလိုနဲ့ မသိမသာလေး ထမ်းထား ကြပါတယ်။ မနက်ဖြန်မှာ ဘာတွေဖြစ်လာမလဲလို့ မသိတဲ့ လူငယ် ကလေး ၁ယောက်အကြောင်းကို ကမ္ဘာဦးကျမ်းထဲက လေ့လာမယ် ဆိုရင် သူဟာ ယာကုပ်ရဲ့သားဖြစ်ပါတယ်။ အချစ်ဆုံး ဇနီးသည် ရာခေလနှင့် အသက်ကြီးမှ ရသော အချစ်ဆုံးသားဖြစ်ပြီး ဖခင်ရဲ့ ဦးစားပေးမှုမျိုး ခံစားရပြီး ပျော်ရွှင်နေတဲ့ ဘဝကနေ အစ်ကိုများရဲ့ မုန်းတီးမှုကြောင့် အဲဂုတ္တုပြည်၌ ကျွန်အဖြစ် နေ့ချင်း ညချင်း မှာ ဘဝပြောင်းလဲ သွားခဲ့ပါတယ်။ ကျွန်ဘဝ ကနေ သူတပါး မယားကို မပြစ်မှားမှုကြောင့် ထောင်ကျကာ ထောင်သားဖြစ်ခဲ့ ရပါတယ်။ ထောင်သားများ နှင့် အတူနေရင်း ဘုရားပေးတဲ့ ဆုကျေးဇူးကို သုံးကာ သူများရဲ့ အိပ်မက်ကို အနက်ဖွင့်ပြရင်းနဲ့ မနက်ဖြန်ဆိုတာ မျှော်လင့်ချက် မရှိခဲ့ပေမဲ့ ဘုရားကို အားကိုးမှုကြောင့် မနက်ဖြန်မှာ ယောသပ်ဟာ အဲဂုတ္တုနိုင်ငံကို အုပ်စိုးရပါတယ်။ အပါး ပြောပြတဲ့ ပုံပြင်တခုကိုလည်း သတိရပါတယ်။ မေရီဆိုတဲ့ အမျိုးသမီးဟာ နွားနို့ ရောင်းတယ် ။ အဲဒီလို နွားနို့ရောင်းရင်းနဲ့ ကြက်ဥတစ်လုံး ကောက်ရပါ တယ်။ သူဟာ ကြက်ဥကို လက်ပေါ်မှာ ကိုင်ရင်း မနက်ဖြန် အတွက် စိတ်ကူးယဉ် ပါတယ်။ ဒီကြက်ဥဟာ မနက်ဖြန်မှာ အကောင်ပေါက်မယ်။ အဲဒီ အကောင်ကနေ ဥပြန် အုမယ်။ အဲဒီ ဥကနေ အကောင်သစ် ထပ်ပေါက်မယ်။ ဒါဆိုရင်တော့ မနက်ဖြန် ပေါင်းများစွာမှာ ငါသူဌေးဖြစ်ပြီ ဆိုပြီး စိတ်ကူးယဉ်ရင်း လက်ထဲက ကြက်ဥ ပြုတ်ကျလို့ ခေါင်းငုံ့ပြီး ကောက်လိုက်တော့ နွားနို့အိုးကြီး မှောက်ကျပြီး နွားနို့များ ဖိတ်ကုန်ပြီး ကြက်ဥလည်း ကွဲသွားပါတယ် ။

လုကာ ၁၂ ： ၁၆ - ၂၀ သူဌေးတဦး၌ မြေကောင်း၍ အသီးအနှံများလှ၏။ ထိုသူဌေးက ငါသည် အဘယ်သို့ ပြုရမည်နည်း။ အသီးအနှံများကို သိုထားစရာ မရှိ။ ငါ့တိုက်ဟောင်းများကို ဖျက်၍ ကျယ်သောတိုက်ကို တည်ပြီးမှ၊ ငါ၏ အသီး အနှံ ဥစ္စာရှိသမျှတို့ကို သိုထားမည်။ ငါ့ဝိညာဉ်အားလည်း အချင်းဝိညာဉ် သင်သည် နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက်ရှိပြီး ငြိမ်ဝပ် စွာ နေလော့၊ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့၊ ငါပြောမည်ဟု သူဌေး အကြံ ရှိ၏။ ထိုသို့ အကြံရှိစဉ်တွင် ဘုရားသခင်က အချင်း လူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ ဝိညာဉ်ကို ရုပ်သိမ်းရာ အချိန်ရောက်လိမ့်မည်။ လူ့ရဲ့ ဘဝဆိုတာ အင်္ဂလိပ် အက္ခရာ B = Born နဲ့ စပြီး Dဆိုတဲ့ Dead စကားလုံးနဲ့ အဆုံးသတ်ပြီး သေဆုံးရင် အဓိပ္ပါယ် မရှိပဲ ငရဲသွားဖို့ပဲ ဖြစ်ပြီး ။ B နဲ့ D ရဲ့ ကြားထဲမှာ C ဆိုတဲ့ကြားခံတဲ့ စကား တခုရှိပါတယ် လူရဲ့ ဘဝမှာ B ဆိုတဲ့ Born နဲ့စပြီး C ဆိုတဲ့ Christ ကို သိရင်တော့ D ဆိုတဲ့ Dead ကို ရင်ဆိုင် ရရင်တောင် သင်မပိုင်သော မနက်ဖြန်မှာလည်း စိုးရိမ်စရာ မလိုသလို BCD ကို သိကြ ရအောင်နော် .. သင်မပိုင်တဲ့ မနက်ဖြန်ကလေးက အဓိပ္ပါယ်ရှိရှိ လှနေ မှာပါ...။ ။ ***မာရာနသာ နီနီခိုင်***

-------------------------------------------

## အကြွေး *(MOM) Aunty Tin Tin Nyunt*

ပြောလေ့ရှိတဲ့ စကားလေး အားလုံး ကြားဖူးကြမှာပါ။ လူတိုင်း အကြွေးနဲ့ မကင်းကြဘူးတဲ့။ ဟုတ်ပါတယ်.. ဆင်းရဲသားမှ အကြွေးရှိတာ မဟုတ် ပါဘူး.. သူဌေးတွေမှာလည်း အကြွေးတွေနဲ့ပါ .. အကြွေးနဲ့ ပတ်သတ်ပြီး ကျွန်မ အဖေ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၆ ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ပြောခဲ့တဲ့ စကားကို သတိရမိပါတယ်။ သူပြောခဲ့တဲ့ အကြွေးဆိုတာ ယူ တတ်ရင် ဆပ်တတ်ရမယ်။ ဆပ်တတ်ရင် ကျေမယ် ။ အကြွေး ပေးတတ်ရင်လည်း တောင်းတတ် ရမယ်တဲ့။ ဘုန်းတော် ဝင်စား သွားပြီးတဲ့ အဖေ့ကို သတိရတိုင်း သူ့ စကားနဲ့ သူ့ဘ၀ သူ့လုပ်ရပ်တွေကို သတိရ အောက်မေ့မိပါတယ်။ အဖေဟာ စီးပွားရေး လုပ်ငန်းရှင်ကြီး တစ်ယောက် မဟုတ်ပေမဲ့၊ အရောင်းအဝယ်လုပ်ငန်းနဲ့ သားသမီးတွေကို ရှာဖွေကျွေးမွေး ပညာပေးခဲ့ပါတယ်။ အရောင်းအဝယ်သမား ဆိုတော့အကြွေးနဲ့ မကင်းဘူးပေါ့။ သူက လက်ကားဒိုင် သူဌေးတွေဆီမှာ အကြွေး တွေနဲ့ ဝယ်ခဲ့ရသလို၊ ပြန်ရောင်းတဲ့ အခါမှာလည်း လက်ငင်း မဝယ်နိုင်တဲ့ သူတွေ ကို အကြွေးနဲ့ ရောင်းပေးခဲ့ရပါတယ်။ အဲဒီမှာ သူပြောတဲ့ အကြွေးဆိုတာ ယူတတ်ရင် ဆပ်တတ်ရမယ် ။ ဆပ်တတ်ရင် ကျေမယ်ဆိုတဲ့ စကားကို သူ့ဘ၀ သူ့ လုပ်ရပ်နဲ့ သက်သေပြခဲ့ပါတယ်။



လမ်းမတော် သံဈေး ၊ ညောင်ပင်လေးဈေး ၊ သိမ်ကြီးဈေး အစရှိတဲ့ လက္ကားဆိုင်ကြီးတွေမှာ အဖေ့ကို အကြွေး မပေးချင်တဲ့သူ မရှိပါဘူး။ ပိုက်ဆံ မနိုင်လို့ အဖေ ချင့်ချိန်နေရင်တောင် အကြွေးနဲ့ ယူသွားဖို့ အတင်း တိုက်တွန်းတတ်ကြပါတယ်။ တစ်ခါတစ်ရံ အပ်ကုန် သဘောမျိုးနဲ့၊ ရောင်းပြီး ကုန်မှ ငွေချေပါဆိုပြီး အတင်းအကြွေး ပေးတတ်ပါတယ်။ ကျွန်တော်တို့ လူတိုင်းကို အကြွေး မပေးပါဘူး။ အလုပ် တွဲလုပ်လာတာ ဒီလောက်ကြာပြီပဲ ခင်ဗျား သစ္စာရှိတာ သိပါတယ်။ စဉ်းစားမနေနဲ့ ယူသာယူသွားပါ ဆိုပြီး အတင်း ထိုးပေး တတ်ပါတယ်။ အဖေက ပြောပါသေးတယ် သူများဆီမှာ ပိုက်ဆံချေးတာ၊ အကြွေး ယူတယ်ဆိုတာ ကိုယ့်မှာ ငွေလိုနေလို့၊ လက်ငင်း ငွေချေစရာ ပိုက်ဆံ မရှိလို့ ချေးကြ ကြွေးယူကြရတာပဲ။ ကိုယ့်မှာ ပြေလည်နေရင် ဘယ်သူမှ မချေး ကြ၊ အကြွေးမယူကြပါဘူး။ အဲဒီလို ကိုယ့်မှာ မပြေလည်သေးတဲ့ အချိန်မှာ ငွေချေး ပေးတဲ့သူရှိလို့၊ အကြွေးပေးထားတဲ့ သူရှိလို့ ကိုယ့်ရဲ့ အခက်အခဲလေး တခဏတာ ပြေလည်သွားတာ၊ တဒင်္ဂလေး အသက်ရှူ ချောင်သွားတာ၊ အင်မတန် မှ ကျေးဇူးတင်စရာကောင်းပါတယ်။ ဒါကြောင့် ကျေးဇူးတင်တဲ့ စိတ်နဲ့ သစ္စာရှိရှိ ပြန်ဆပ်ရမယ်လို့ သင်ခဲ့ဖူးပါတယ်။ အမေဟာ အဖေနဲ့ စိတ်ဆိုးတိုင်း စိတ်အခန့် မသင့်တိုင်း ပြောလေ့ရှိတာက နင်တို့ အဖေကို ငါယူတာ သူ့မိဘ အကြွေးတွေပါ ဆပ်ပေးရတယ် ဆိုတာပါပဲ။ အဖေကတော့ စိတ်မဆိုးပါဘူး။ မိဘတွေရဲ့ အကြွေး ဆိုတာ သားသမီးတွေကို ကျွေးမွေးစောင့်ရှောက်ဖို့ မလုံလောက် ခဲ့လို့ သူတပါး ဆီက ယူရတဲ့ အကြွေးဘဲ။ ငါတို့ စားခဲ့အကြွေး။ ငါတို့မှ ပြန်မဆပ်ရင် ဘယ်သူ ဆပ်မလဲ၊ ငါ့မိဘကိုတော့ သံသရာ အကြွေး အတင်မခံနိုင်ဘူးတဲ့။ အဖေတို့ မိသားစုက မယုံကြည်တဲ့ မိသားစုမှ ပြောင်းလဲလာသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် သံသရာ အကြွေး ဆိုတာကြီးကို စိတ်ထဲ စွဲနေတာထင်ပါရဲ့။ ဘာဘဲဖြစ်ဖြစ်လေ အကြွေး ယူတာ၊ အကြွေးတင်တာ အပြစ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သုတ္တံကျမ်း ၂၂ း ၇ မှာ ချေးငှါးသောသူသည် ချေးငှါးပေးသောသူ၏ ကျွန်ဖြစ်သည်လို့ ဆိုထား ပါတယ်။ ဒီကျမ်းစကားကို ဆင်ခြင်မယ်ဆိုရင် အဖေ ပြောသလိုပဲ ယူတတ်ရင် ဆပ်တတ်ရမှာပေါ့ ။ ဒါမှ သူတပါးကျွန် မဖြစ်မှာ မဟုတ်ပါလား။ သမ္မာသတိရှိဖို့ ဤ ကျမ်းပိုဒ်လေးက ဖော်ညွှန်းနေပါတယ်။ အဖေ ပြောသေးတယ် ပေးတတ်ရင် တောင်းတတ်ရမယ်တဲ့။ လုကာ ၆ း ၃၅ မှာ ဖော်ပြထားတာ ကတော့ တစ်စုံတစ်ခု ကို ရမည်ဟု မျှော်လင့်ခြင်းမရှိဘဲ ချေးငှါးကြလော့လို့ ဆိုထားပါတယ်။ ဘယ်လို ပါလိမ့်။ အဖေကတော့ ပေးတတ်ရင် တောင်းတတ်ရမယ်တဲ့။ ဒါကြောင့် အဖေရဲ့ အကြွေး ပေးတဲ့ပုံ၊ အကြွေးတောင်းတဲ့ပုံကို ဆင်ခြင်မိပါတယ်။



တောကနေ တက်လာတဲ့ ကျွန်မတို့ မိသားစု ရန်ကုန်မှာ ပြေပြေလည်လည် နေထိုင်ရတယ် ဆိုတာ ကြားသိ ကြတဲ့ တောက ဆွေမျိုးသားချင်းများ အဖေ့ဆီကို လာလည်ရင်း သူတို့ အခက်အခဲတွေကို တင်ပြပြီး ပိုက်ဆံ ချေးတတ်ကြပါတယ်။ ကျွန်မတို့မှာ မောင် နှမတွေများတော့ အဖေ အမေတို့မှာ ပြေလည်တာဘဲ ရှိတယ်။ အပိုအလျှံ မရှိပါဘူး။ ဒါပေမဲ့ အဖေဟာ သူ အကြွေးဆပ်ရမဲ့ အထဲကပဲဖြစ်ဖြစ်၊ ဆိုင်ရဲ့ လည်ပတ် ငွေထဲကပဲဖြစ်ဖြစ် ချေးပေးလိုက်ပါတယ်။ နောက် တစ်ခေါက်မှ လာပါ ဆိုပြီး ငြင်းလွှတ်လေ့ မရှိဘူး။ အမေငြိုငြင်ရင်တော့ သူတို့ ခများ စရိတ်အကုန်ခံပြီး လာတောင်းရတာ။ ကိုယ်က သူတို့ထက် အများကြီး ပြေလည် သေးတယ်။ နောက် တစ်ခေါက်လို့ မငြင်းလွှတ်ပါနဲ့။ ကိုယ်က တောင်းရတဲ့သူ မဟုတ်ပဲ ပေးရတဲ့သူ ဖြစ်နေတာကိုပဲ ကျေးဇူးတော် ချီးမွမ်းလို့ ပြောတတ်ပါတယ်။ အဲဒီလိုပဲ အိမ်မှာ ဈေးရောင်းတော့ ဆိုင်ကြွေး မဆပ်နိုင်တဲ့သူတွေ ကိုလည်း ၁လ ဖြစ်စေ၊ ၂လ ဖြစ်စေ တစ်ခါတရံ ၄ - ၅လ ကြာတတ်ပါတယ်။ အဲဒီလိုစောင့်ပြီး အကြွေးကို ဆပ်ပေးပါတယ်။ အကြွေးဟောင်း မဆပ်နိုင်လို့ အကြွေးသစ် ထပ်မပေးဘူးဆိုတာ မရှိပါဘူး။ သုတ္တံကျမ်း ၃ း ၂၈ အတိုင်းပါပဲ (အိမ်နီးချင်းကို ပေးစရာရှိလျှက်ပင် ၊ သွားတော့ တဖန်လာဦးတော့ ၊ မနက်ဖြန်မှ ငါပေးမည်ဟု မပြောနှင့် )။

ဒါပေမဲ့ အဲဒီလို ပိုက်ဆံ ချေးလိုက်တဲ့သူ ဆိုင်ကြွေး မဆပ်နိုင်သေးတဲ့ သူတွေကို အဖေဟာ မေ့မေ့ပျောက်ပျောက် လွှတ်ထားလေ့တော့မရှိပါဘူး။ ရွာကနေ ငွေလာ ချေးတဲ့ သူတွေကိုတော့ ရွာကညေ့်သည်လာတိုင်း သတင်းမေးတတ်ပါတယ်။ ဒီနှစ် စပါး ဖြတ်တယ်၊ ဂမ်းစာ ပိုတယ်၊ ချောင်ချောင်လည်လည်ပါ ဆိုတဲ့ သတင်း ရရင်တော့ အကြွေးတောင်းတဲ့ စာကလေးတစ်စောင် လူကြုံပါးတတ်ပါတယ်။ အဲဒီ လိုပဲ ဆိုင်မှာ အကြွေးမဆပ်နိုင်တဲ့ သူတွေကိုတော့ ဈေးထဲမှာ၊ လမ်းပေါ်မှာ တွေ့ရင် အနားနား ကပ်သွားပြီး ဆိုင်ကြွေးလေး နဲနဲဖဲ့ဆပ်ပေးပါကွာလို့ တောင်း တတ်ပါတယ်။ တကယ်တော့ သူတစ်ပါးကို ငွေချေးတာ၊ အကြွေးပေးတာ သူတို့ဆီက အကျိုးအမြတ် မျှော်လင့်သည်ထက် သူတို့ကို ပြေလည် စေချင်တဲ့ စေတနာနဲ့၊ မိမိရဲ့ ပိုလျှံသော ငွေမဟုတ်၊ မိမိ၏လုပ်ငန်း လည်ပတ် နေသော ငွေထဲက မျှပြီး ပေးလိုက်တာဖြစ်ပါတယ်။ သူ ကိုယ်တိုင် လည်း အရောင်းအဝယ် သမား ဆိုတော့ အချိန်မရွေး ငွေလို နေတတ်တာပဲ မဟုတ်ပါလား။ ဈေးဆိုင်တွေ မှာ ချိတ်ထား တတ်တဲ့ "အကြွေးယူ ပြုံးပြုံး တောင်းရင်မုန်း " ဆိုတဲ့ စာတန်းလေး ဖတ်ဖူး ကြမှာပါ။ ဒါပေမဲ့ အဖေ အကြွေး တောင်းခံရလို့ အဖေ့ကို ဘယ်သူမှ မမုန်း ကြပါဘူး။ ဦးလေး လမ်းမှာ အကြွေး တောင်းမှပဲ သတိရတော့တယ်။ တောင်းပန် ပါတယ်ဆိုပြီး အကြွေးဆပ်ကြတဲ့ သူတွေရှိ ပါတယ်။ စေတနာ ရောင်ပြန်တာပေါ့။ အဖေ ကတော့ အကြွေး ပေးတတ်သလို တောင်းလည်း တောင်းတတ်သူပါ။ အဖေ့ မှာ ကြွေးစာရင်း စာအုပ် ရှိတယ်။ သူ့အကြွေး စာရင်းစာအုပ်ထဲမှာ အကြွေးဆုံးတဲ့ စာရင်း ခေါင်းစဉ်နဲ့ မှတ်သား ထားတာလည်းရှိတယ်။ အဲဒီ စာရင်းကတော့ သေဆုံး သွားသူတွေ၊ တနယ်တကျေး ပြောင်းရွှေ့သွား သူတွေ၊ အကြောင်း အမျိုးမျိုး ကြောင့် အကြွေးပြန်ဆပ်နိုင်တဲ့ အခြေအနေ မရှိတော့တဲ့ သူတွေရဲ့ အကြွေး စာရင်းကို မှတ်ထားပါတယ်။ အဖေရယ် အကြွေးဆုံး ဆိုတော့ မှတ်ထား နေရ သေးလားလို့ မေးရင်တော့ ငွေရေးကြေးရေးနဲ့ အလုပ်လုပ်နေတော့၊ ဒေါင့်စုံ မှတ်ထား ရတယ်လို့ ဖြေပါတယ်။ တခါတရံ နှစ် အတော်ကြာမှ အဲဒီ ဆုံးပြီးလို့ သတ်မှတ်ထားတဲ့ အကြွေးတွေထဲက တယောက်တလေ ပြန်လာပြီး အမှတ်တရ မှတ်မှတ်ရရ ပြန်ဆပ်တတ်ပါတယ်။ အဲဒီလို အခါမျိုးဆို အဖေအမေ အရမ်း ဂမ်းသာ တတ်ပါတယ်။ ကြွေးလာဆပ်တဲ့ သူကိုလည်း ကျေးဇူးတွေ အထပ်ထပ် တင်နေ တတ်ကြပါတယ်။ ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ရတာ ဖြစ်ပေမဲ့ ထီပေါက်တာ ထက် ဂမ်းသာပါတယ်တဲ့။ ကျောက်ခဲ ရေပေါ်တဲ့ငွေ၊ စုန်းကနဲ နစ်သွားရာမှ ပြန်ပေါ် လာတော့ ဂမ်းသာရ၊ ကျေးဇူးတင်ရတာပေါ့ လို့ပြော တတ်ပါသေးတယ်။ ဟုတ်ပါပြီ အဖေပြောတဲ့ အကြွေးကတော့ လူလူချင်း တင်ကြတဲ့ အကြွေးတွေ ပါဘဲ။ ကျွန်မတို့ ယုံကြည်သူတွေကြားမှာ ပြောရတဲ့ အကြွေးတွေ အပြစ်ကြွေး တွေတဲ့ အဲဒီကြွေးကကော အဖေပြောသလို ဆပ်တတ်ရင် ကျေမှာလား။ ကျေအောင် ဘယ်လို ဆပ်ကြမလဲ၊ ကြွေးဆုံး စာရင်းထဲမှာ စာရင်းဝင်သွားကြပြီ လား။ ဘုရားကို ဘယ်လို ချေးငှါးပြီး ဘယ်လိုပြန်တောင်းရမှာလဲ .. လောကမှာ လူတိုင်း အကြွေးတွေနဲ့ မကင်းကြသလို လူတိုင်းလည်း အပြစ်နဲ့ မကင်းကြတဲ့ အပြစ်သားတွေ ချည်းပါပဲ ။ ရောမ ၆ း ၂၃ မှာ အပြစ်ရဲ့ အခဟာ သေခြင်းလို့ ဆိုထားသလို ဟေဗြဲ ၉ း ၂၂ မှာလည်း အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ် ခြင်း မရှိ လို့ဖော်ပြထားပါတယ်။ ဒါကြောင့် လူတိုင်းအပြစ်ကြောင့် သေပြီး အပါယ် ငရဲသွားကြရမှာ ဖြစ်ပေမဲ့ ၁ယော ၁း ၇ မှာ ဘုရားသခင်၏ သားတော် ယေရှု ခရစ်၏ အသွေးတော်သည် ငါတို့ အပြစ် ရှိသမျှကို ဆေးကြောတော်မူ၏ လို့ ဆိုထား ပါတယ်။ အဘယ်အပြစ်မှ မရှိ၊ အညစ် အကြေး ကင်းစင်တဲ့ ခရစ်တော်ရဲ့ အသွေးတော်ကို ကားတိုင်ပေါ်မှာ သွန်းခြင်းဖြင့် လောကသား အားလုံးရဲ့ အပြစ် အားလုံးကို ဆပ်ပေးခဲ့ပါတယ်။ အဲဒီ အသွေး တော်ကြောင့် ယုံကြည်သူ သားသမီး တိုင်းဟာ အပြစ်လွှတ်ခြင်း အခွင့်နှင့် တကွ ထာဝရအသက်ကို ရရှိခံစား ကြရပါတယ်။ အသွေးသွန်းခဲ့တဲ့ ယေရှုရဲ့ နာမကြောင့် အနာရောဂါငြိမ်းခြင်း ဆု ကျေးဇူးကိုလည်းခံစားကြရပါတယ်။ အဲဒီ အသွေးတော်ဖြင့် ကျွန်တော်/မ အယောက်စီတိုင်းကို ပတ်စီး ဖုံးအုပ်ထားတဲ့အတွက် ဖြောင့်မတ်သူများ ဖြစ်ကြ ရပြီး မောင်မိုက် တန်ခိုး အမျိုးမျိုးမှလည်း ကာကွယ်ပေးတဲ့ ကျေးဇူးခံစားရပါ တယ်။ အဲဒီကျေးဇူးတရားဟာ ဘယ်လိုမှ ဆပ်လို့ မကျေနိုင်တဲ့ အရာများသာ ဖြစ် ပါတယ်။ ဘုရားသခင်ရဲ့ တဖက်သတ်မေတ္တာ၊ အသွေးတော်ဖြင့် ရွေးနှုတ် ကယ်တင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၆ ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ခဲ့တဲ့ ခရစ်တော်ရဲ့ ကျေးဇူးတရားများကို သိမှတ်ယုံကြည် ဂန်ခံကြ ရမှာသာ ဖြစ်ပါတယ်။ လူကြီး သူမတွေ ပြောကြပါတယ်။ မိဘ ကျေးဇူးဆပ်လို့ မကုန်နိုင်ကြဘူး။ မိဘ ကျေးဇူးဆပ်ချင်ရင် မိဘစကား နားထောင် ပါတဲ့။ လောက မိဘရဲ့ ကျေးဇူး မှ ဆပ်လို့မကုန်ရင် ကောင်းကင်အဖရဲ့ ကျေးဇူးကို ဘယ်လိုဆပ်လို့ ကုန်နိုင်မှာ လဲ။ လောက မိဘရဲ့ စကားနားထောင် သင့်ရင် ကောင်းကင်အဖရဲ့ စကားကို ပိုပြီး နားထောင် သင့်တာပေါ့။ အသွေးနဲ့ ရွေးပြီးဆပ်ပေးခဲ့တဲ့ အပြစ်ရဲ့ အကြွေးကို ကြွေးဆုံး ကြီးတွေ ဖြစ်ကြတဲ့ ကျွန်တော်/မကို ယေရှု မတောင်းပါဘူး။ ယေရှု လိုချင် တာ နှလုံးသားလေး တစ်ခုပါ။ မိတ်ဆွေ သစ္စာရှိရင် ကြင်နာတတ်သော နှလုံးသား လေးပါ ( မာကု ၁၂ ၊ ၃၀ -၃၁ မှာ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။ ဤပညတ် သည် ပဌမ ပညတ်ဖြစ်၏။ ထိုမှတစ်ပါး ကိုယ်နှင့်စပ်ဆိုင်သော သူတို့ကို ကိုယ် နှင့် အမျှ ချစ်ကြလော့ ဟူသော ဒုတိယ ပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏။ ဤ ပညတ်ထက် သာ၍ ကြီးသော ပညတ်မရှိ)တဲ့။ ယေရှု ကိုယ် တိုင် လောကမှာ အသက် ရှင်စဉ် နှုတ်ဖြင့် မိန့်ဆိုခဲ့သော ပညတ်ပါ။ ကျွန်မတို့ကို အပြစ်မှ ရွေးနှုတ်ကယ်တင်ခဲ့တဲ့ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားဟာ သူတပါးတည်း ကိုပဲ အရာခပ်သိမ်းထက် အချစ်ဆုံး၊ အနာခံဆုံး၊ အကြောက်ရွံ့ဆုံး ဖြစ်စေချင်တဲ့ သဝန်တိုသော ဘုရားဖြစ်ပါတယ်။ သူ တပါးတည်းကိုသာ သစ္စာရှိ ချစ်စေချင်တဲ့ ဘုရားပါ။ သစ္စာရှိသော နှလုံးသား လေးကိုပဲ တောင်းဆိုနေတာပါ။ အဲဒီလိုပဲ ကိုယ်နှင့် စပ်ဆိုင်သော သူကိုကိုယ်နှင့်အမျှ ချစ်တတ် တဲ့ ကိုယ်ချင်းစာနာ စိတ် နှလုံးသားကိုလည်း ထားကြဖို့ သူ ပညတ်ခဲ့ပါတယ်။ ခုလို ခဲယဉ်း ခက်ခဲနေတဲ့ ကာလကြီးမှာ အကူအညီ အမ အစလိုနေသူတွေ ကျွန်မတို့ ပတ်ပန်းကျင်မှာ အပြည့် ရှိနေပါတယ်။ ခရစ်တော်၏ မေတ္တာဖြင့် တတ်နိုင်သလောက် ကူညီမစ ခြင်းဖြင့် ဘုရားသခင်ကို ချေးငှါးကြရအောင်လား။ ဘုရားသခင်ကို ချေးငှါးလို့ ပြန် တောင်းစရာ မလိုပါဘူး။ မိတ်ဆွေရဲ့ အသက်တာကို ကောင်းကြီးမိုးတွေ သွန်း ပေးဖို့ ကိုယ်တော် အသင့်ရှိနေပါတယ်။ ဒါကြောင့် တစ်ဆူတည်းသော ဘုရားကို သစ္စာရှိစွာ ဆည်းကပ်ကိုးကွယ်ပြီး မိမိပတ်ဂန်းကျင် လောကကြီးကို ခရစ်တော် မေတ္တာဖြင့် ဂရုပြု ဆက်ဆံရင်း သခင့်ဘုန်းတော် ထင်ရှားစေမဲ့ သစ္စာရှိ၍ ကြင်နာ တတ်သော နှလုံးသား ပိုင်ရှင် ရေပေါ် ကျောက်ခဲလေးများ အဖြစ် အသက်ရှင် ကြရအောင်လား(ရောမ ၁၃း၈ အချင်းချင်း ချစ်ခြင်းမေတ္တာမှ တစ်ပါး အဘယ် အကြွေး မျှ မတင်စေနှင့်) အဖေ ပြောခဲ့တဲ့ အကြွေး ဒဿနကို ဆင်ခြင်ရင်း ခံစား မိသမျှ ဝေမျှခြင်းဖြစ်ပါတယ်။ ။ *(MOM) Aunty Tin Tin Nyunt*

---

## ငတ်နေသူတွေ အငတ်ပြေပါစေ *(မင်းအောင်သက်လွင်)*

**အငတ်ပြေပါစေ**

၂၀၀၈ ခုနှစ်ရဲ့ ခရစ်စမတ်ရာသီမှာ ကျနော် ရန်ကုန်ကို အလည် ပြန်ဖြစ်ခဲ့ ပါတယ်။ အရင် နှစ်တွေတုံးက ခရစ္စမတ် ရာသီဆို မြန်မာ ပြည် ပြန်မလည်ဖြစ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော်ပြန်ဖို့ အလှည့် ကျတဲ့ အချိန်က ခရစ္စမတ်ရာသီနဲ့ မတိုက်ဆိုင်လို့ပေါ့။ ကျနော်က ဧပြီလမှာ စင်ကာပူ ကိုရောက်လာတာ ဆိုတော့ ဧပြီလ ရောက်မှ သူဌေးက ပြန်ခွင့်ပြုနေကျလေ။ ခုနက ရေးပြ ထားသလို ၂၀၀၈ခုနှစ် မှာတော့ အလုပ်ထွက်ပြီး စက်မှု ဒီပလိုမာ အချိန်ပြည့် ကျောင်း ၂နှစ် ဆက်တက် ဖြစ်တော့ ကျောင်းပိတ်ရက် ဖြစ်တဲ့ ခရစ္စမတ် ရာသီမှာ ရန်ကုန်ကို အလည် ပြန်ဖြစ်သွားပါတယ်။ ရေကန်အသင့် ကြာအသင့် ဆိုသလို ကျနော့် မိခင် အသင်းတော်ရဲ့ ခရစ္စမတ်ဧဝံဂေလိ အစီအစဉ်မှာ ကျနော် သဲတစ်မှုန် စာလောက် ပါဝင်ဆက်ကပ်ခွင့် ရတာလေးကို သက်သေခံချင် လို့ပါ။



ကျနော်တို့ အသင်းတော်က သင်းအုပ်ဆရာ၊ အသင်းလူကြီးတွေနဲ့ လူငယ်တွေ ပါဝင် ဆက်ကပ်တဲ့ အစီအစဉ်လေးက စိတ်လှုပ်ရှားစရာလေးပါ။ မွန်လူမျိုး အများစု နေထိုင် တဲ့ ရန်ကုန်နဲ့ အနီးဆုံးနေရာ ပဲခူးမြို့ ဝန်းကျင်က ရွာတွေမှာ သွားပြီး ခရစ္စမတ် အစီ အစဉ်လုပ်၊ ဧဝံဂေလိ ဟောတာဖြစ်ပါတယ်။ လှည်းကူး အပိုင် ဉယျာဉ်ဝရွာ။ ပဲခူးအပိုင် ကျိုက်ပေါရွှပ်ကွက်။ အင်းတကော်ရွာ၊ အင်းစိန် ကန္တား ရပ်ကွက်တို့ဘဲ ဖြစ်ပါတယ်။ အဲဒီနေရာ လေးခုထဲမှာ အင်းစိန်ကန္တား ရပ်ကွက်တစ်ခုဘဲ မွန်လူမျိုးအများစုနေတဲ့ နေရာ မဟုတ်သလို ဆန်ပြုတ်ဘဲ ကျွေးဖြစ်ခဲ့ပါတယ်။ ကျန်တဲ့နေရာ သုံးခုကတော့ မွန်လူမျိုး အများစုနေထိုင်တဲ့ ရွာ၊ ရပ်ကွက်တွေဖြစ်ပြီး မုန့်ဟင်းခါး အချိန်ပိုင်သာ ၁၀၀ ကျော် ၂၀၀ လောက်ကို ရွာလုံးကျွတ် ညနေစာလွတ် အိမ်တိုင်း မီးခိုးတိတ် စားရတဲ့ အထိ ကျွေးခဲ့တာ ဖြစ်ပါတယ်။ အသင်းတော်က ရှေ့ပြေးလူငယ် အဖွဲ့တစ်ဖွဲ့က ပွဲ မစခင် တစ်ရက် ကြိုတင် သွားနှင့်ကာ ဇာတ်စင်ဆောက် ပြင်ဆင်ထားကြပါတယ်။ ရွာခံ လူတွေ ကလဲ မုန့်ဟင်းခါး ကို ရှယ် ချက်ပြုတ်ထားကြပါတယ်။ ပွဲစမဲ့နေ့ ညနေ သုံးနာရီ လောက်မှ ကျန်တဲ့ လူငယ် တစ်ဝက်ရယ် အသင်းတော်က လူကြီးတွေ ဆရာ သမား တွေက အဲဒီ ရွာတွေဆီကိုသွားပြီး ကျင်းပကြတာဖြစ်ပါတယ်။ ညနေ သုံး နာရီမှာ ပဏာမ ခရစ်စမတ်တရားဟောပွဲ လုပ်ပါတယ်။ အသင်းတော် လူကြီး တစ်ယောက်က သဘာပတိအဖြစ် ဆောင်ရွက်ကာ သင်းအုပ်ဆရာမှ တရားဝေ ခဲ့ပါ တယ်။ အသင်းတော်လူငယ်တွေက သီချင်းတစ်ပုဒ် ဆိုကာ ပွဲကိုအဆုံးသတ်ခဲ့ ပါ တယ်။ ညနေပိုင်းမှာ ခန နားပြီး ညနေ ၅နာရီလောက်မှာ တစ်ရွာလုံးကို မုန့်ဟင်းခါး အဝ ကျွေးပါတယ်။ ညနေ ၆နာရီမှာ ရွာထဲက ကလေးငယ်တွေရဲ့ ကလေးခရစ္စမတ် အစီ အစဉ်လုပ်ပါတယ်။ ည ၇နာရီမှာတော့ ညပိုင်းအစီအစဉ်ကို လုပ်ဖြစ်ပါတယ်။ အစီ အစဉ်မှာ တစ်ဦးချင်း သီချင်းသီဆိုမှု၊ အဖွဲ့လိုက်သီဆိုမှု မွန်တိုင်းရင်းသား အက၊ ဆီမီးခွက် အက၊ ခေတ်ပေါ် ရက်ပ် အကများ ပြဇာတ်တို့ များနဲ့ တင်ဆက်ခဲ့ပါတယ်။ အစီ အစဉ် အလယ်ပိုင်း လောက်မှာတော့ ခရစ်စမတ် ဧဝံဂေလိ တရားဒေသနာကို အထူး ဧည့်သည် တော် ဆရာကအချိန် တစ်နာရီနီးပါး ဟောပြော ပါတယ်။

အဲဒီ ရွာတွေမှာ ထူးခြားချက်က အိမ်သားအဖြစ် လက်ခံတဲ့ ရွာသားတွေဟာ ယုံ ကြည်သူ ခရစ်ယာန်များ မဟုတ်ဘဲ၊ မယုံကြည်သူ အခြားဘာသာဝင် တွေဖြစ် နေပါတယ်။ မှတ်မှတ်ရရ ပြန်ရေးပြရရင် ပဲခူးမြို့ ကျိုက်ပေါ ရပ်ကွက်မှာ လုပ်တဲ့ပွဲမှာ လက်ခံသူ အိမ်ရှင် အမျိုးသားတစ်ယောက်တည်းသာ ခရစ်ယာန် ဖြစ်ပြီး သူ့ ဇနီး သည်နဲ့ အခြားသူတွေအားလုံးဟာ အခြားဘာသာဝင်တွေ ဖြစ်ပါတယ်။ ကျနော်တို့ လုပ်တဲ့ ခရစ္စမတ်ပွဲကို အစအဆုံး ကူညီသူ ရွာသားများ ဟာ အခြားဘာသာဝင်တွေပါ။ ထူးခြား တာက အဲဒီနေ့ဟာ အခြားဘာသာ ဝင်တွေရဲ့ တရားပွဲနဲ့ တိုက်ဆိုင် နေပါတယ်။ သူတို့ တရားပွဲက သုံးရက်ပါ။ ၂ရက် ကျင်းပပြီး သွားပါပြီ။ ကျနော်တို့ ပွဲက သူတို့ရဲ့ နောက်ဆုံးပွဲရက်နဲ့ တစ်ထပ်တည်း ကျနေပါတယ်။ တကယ်လို့သာ ပွဲ နှစ်ပွဲ လုံး တစ်ရက်တည်း ကျင်းပခဲ့ရင် အတိုက်အခံတွေ ဖြစ်နိုင်ပါတယ်။ ပရိတ်သတ် တွေလဲ ဘုန်းကြီး တရားပွဲ သွားရမလို ခရစ္စမတ်ပွဲ သွားရမလိုနဲ့ ပဋိပက္ခ ဖြစ်နိုင် ပါတယ်။ ဒီလို အချိန်မှာ အခြားဘာသာဝင်တွေက သူတို့ဘက်က အလျော့ပေးပြီး ကျနော်တို့ ခရစ္စမတ်ပွဲကို ကျင်းပနိုင်ဖို့ သူတို့ရဲ့ တရားပွဲ နောက်ဆုံးနေ့ကို နောက်တစ်နေ့ကို ရွှေ့လိုက်ကြပါတယ်။ တကယ့်ကို ကျေးဇူးတင်စရာပါ။ ကျနော် တို့ကို ဦးစားပေး တဲ့ အတွက် ကျေးဇူးတင် မဆုံးပါ။ ကျနော်တို့လဲ စိတ်အေး လက်အေး ကျင်းပ နိုင်သလို ပရိတ်သတ်တွေလဲ စိတ်နှစ်ခွ မဖြစ်ဘဲ တရားပွဲနဲ့ ခရစ္စမတ်ပွဲကို တစ် ရက်စီ ကျင်းပခံစားရတဲ့ အခွင့်ထူးကို ရခဲ့ပါတယ်။ တကယ်လို့သာ တစ်ရက်တည်းမှာ ဘာသာ နှစ်ခုရဲ့ နေ့ထူးနေ့မြတ် ပွဲနှစ်ပွဲကို တစ်နေရာတည်း မှာကျင်းပ ဖြစ်ရင် လော်စပီကာ အသံတွေက နှစ်ဘက်လုံးကို အနှောက်အယှက် ဖြစ်နိုင်သလို နှစ်ဘက် လုံးမှာလဲ ပရိတ်သတ် တစ်ဝက်စီ လျော့နည်းသွား နိုင်ပါ တယ်။ ပွဲစီစဉ် ကတည်းက အဲဒီလို အခက်အခဲ ဖြစ်နေချိန်မှာ ကျနော်တို့ကို ဦးစားပေးတဲ့ ရွာခံ လူများကို ကျေးဇူးတင်စကား ပြောပေးဖို့ အသင်းတော် လူကြီး တစ်ယောက်က ကျနော့်ကို ပွဲကျင်းပနေစဉ်မှာ လာသတိ ပေးတာနဲ့ ကျနော်လဲ အဲဒီတုံးက အရေးပေါ် ကျေးဇူးတင်စကား ပြောခဲ့ရ ပါတယ်။ ကျနော်တို့ ခရစ္စမတ်ပွဲကို စည်စည်ကားကား ကျင်းပဖြစ်အောင် ဘုန်းကြီး တရားပွဲကို ရက်ရွှေ့ ပြောင်း ပေးခဲ့တဲ့ ဆရာတော်ကြီးများ၊ သာသနာ့ အကျိုးဆောင်များ ရပ်မိရပ်ဖ တာဝန်ရှိ သူများအားလုံးကို အထူး ကျေးဇူးတင်ပါတယ်လို့ လော်စပီကာ ဆောင်းဘောက်ထဲကို မိုက်ကရို ဖုန်း ကတဆင့် ကျနော် ပြောလိုက်ပါတယ်။ ဒါပေမဲ့ ကျနော်က စာပေ ဝါသနာ ရှင်ဆိုတော့ စကား ပြောရုံလောက်နဲ့ မတင်းတိမ်နိုင်ပါ။ တစ်နေ့နေ့ အခွင့် အခါကြုံရင် ဒီကိစ္စကို စာတတန် ပေတတန်နဲ့ ကျေးဇူးတင် ကြောင်း ရေးမယ်လို့ စိတ် ထဲမှာ တေးထား ခဲ့ပါတယ်။ အခု ၂၀၁၂ ခုနှစ်ရဲ့ ခရစ္စမတ် ရာသီမှာ အခွင့်ကြုံလို့ ဒီ စာလေးနဲ့ မှတ်တမ်း တင်လိုက်ပါရစေ။

ငယ်ငယ်တုံးက ကြားဖူးတဲ့ ပုံပြင်လေးမှာ နှစ်နိုင်ငံ စစ်တိုက်ရင်း ခရစ္စမတ်နေ့မှာ နှစ်ဘက်သော စစ်သားများဟာ စစ်မတိုက်ဘဲ တစ်ရက် စစ်ပြေငြိမ်းပြီး ခရစ္စမတ်ပွဲ ကို လွတ်လွတ်လပ်လပ် ကျင်းပကာ ရန်သူ့နယ်မြေထဲ စားသောက် ပျော်ပါး ကြတယ်တဲ့။ တကယ်တော့ ကျနော်တို့ ဘာသာရေး သမားတွေက ရန်သူတွေ မဟုတ်ပါ။ တစ်ယောက် မကောင်းကြောင်း တစ်ယောက်ပြောပြီး သာသနာပြု ရမှာ မဟုတ်ပါ။ အခုလို ပြေပြေလည်လည် ကျင်းပဖြစ်ပြီး တစ်ဖွဲ့နဲ့ တစ်ဖွဲ့ နားလည် ပေးခဲ့ကြတဲ့

အတွက် တာဝန်ရှိသူများကို ကျေးဇူးတင် မဆုံးပါ။ အဲဒီနေ့က ကျနော် အစီအစဉ် သဘာပတိ လုပ်ရပါတယ်။ တကယ်တော့ ကျနော်က စကားပြောကောင်းသူ၊ ကျမ်းကျေသူ မဟုတ်ပါ။ လုပ်ခွင့် နေရာပေးတဲ့ အတွက် ကျေးဇူးတင်ရပါတယ်။

ပွဲကျင်းပနေစဉ်မှာလဲ ရန်မဖြစ်ရအောင် ကျေးရွာ လုံခြုံရေးအဖွဲ့ဝင်များက တာဝန် ယူပေးခဲ့သလို ရွာခံ မြို့ခံများက ကျနော်တို့ ပွဲကို စိတ်ဝင်တစား အားပေးတဲ့ အတွက် ဝမ်းသာရပြန်ပါတယ်။ အဲဒီ ခရစ္စမတ်ပွဲကို ကျနော်တို့ လေးနှစ် ဆက် တိုက် ကျင်းပ ခဲ့ကြပါတယ်။ ကျနော်လဲ ခရစ္စမတ်အချိန်တိုင်း စင်ကာပူမှ ခွင့်ရက် ယူပြီး မြန်မာ ပြည်ကို မပျက်မကွက် ပြန်ဖြစ်ခဲ့ပါတယ်။


ဉယျာဉ်ဝန်နဲ့ ပဲခူး ကျိုက်ပေါရပ်ကွက်မှာ မုန့်ဟင်းခါးကျွေးခဲ့တာလေးကို ပြန် အမှတ်ရ နေမိ ပါတယ်။ ရွာထဲက အသက် ၅နှစ်ကနေ ၈နှစ်ဝန်းကျင်လောက် ရှိမဲ့ ကလေး အုပ်စုနား ကျနော် သွားလေ့လာမိပါတယ်။ မုန့်ဟင်းခါး (အဖတ်များများ ဟင်းရည် နဲနဲ)ကို သံပန်းကန်ထဲ ထည့်ပြီး လက်နဲ့ နယ်ဖတ်စားနေတာ အားရစရာ ကြီးပါ။ အသက် ၈နှစ်လောက်ရှိမဲ့ သမီးငယ်လေးက အသက် ၃နှစ်လောက်ရှိတဲ့ သူ့ ညီမလေးကို ခါးထစ်ခွင် ချီပြီး မုန့်ဟင်းခါး ခွံ့ကျွေးနေတဲ့ မြင်ကွင်းက ကြည်နူး ကြေကွဲ စရာလေးပါ။ ကြည်နူးတာက သူတို့ အားရပါးရစားနေတဲ့ ဟန်ပေါ့။ အကြီးဖြစ်သူက အငယ်ကို ကြင်ကြင်နာနာ ဖေးဖေးမမ တစ်ယောက်တစ်လုပ် စားနေဟန်က နိစ္စဓူဝ ကျနော် မြင်နေရတဲ့ ကြီးနိုင်ငယ်ညှဉ်း လူ့အသိုင်းအဝိုင်းကို သံဝေဂ ရစေပါတယ်။ ကြေကွဲစရာကတော့ သာမာန်လူတွေအတွက် မက် လောက်စရာ မရှိတဲ့ မုန့်ဟင်းခါး (ဟင်းရည် မရွှဲ။ ဘဲဥ မပါ။ အကြော်၊ နံနံပင် တွေ ဘာမှ မပါတဲ့) ကို မက်မက်မောမော စားနေတာကိုပါ။ မေးကြည့်လိုက်တော့ တစ်ယောက်ကို ၃ပန်းကန် ကနေ ၇ ပန်းကန် အထိ စားကြသတဲ့။ ကောင် ကလေး တစ်ယောက်ဆို သူ့ဗိုက်က ပူကား စူထွက် နေတော လမ်းတောင် ကွတ ကွတ လျှောက်ယူရတဲ့ အထိ စားခဲ့ပုံပါဘဲ။ အရေးထဲ အောက်က ဘောင်းဘီတို ဝတ် မထားတဲ့အပြင် အပေါ်က ဝတ်ထားတဲ့ အကွက် တောင် မပေါ်တော့တဲ့ ချေး အထပ်ထပ် ရုပ်အကျီ လက်တိုက ကြယ်သီးတွေ တပ်လို့ တောင် မရတော့ အောင် ဗိုက်က စူထွက်နေပါတယ်။ သူတို့ကို မြင်တော့မှ ငယ်ငယ်တုံးက ကျနော့် ဘဝကို ပြန်မြင်ယောင်မိပါတယ်။ ကျနော် ငယ်ငယ်တုံးကလဲ သူတို့လိုပါဘဲ။ အင်းစိန်မှာ နေတဲ့ ကျနော်တို့ရပ်ကွက်တွေမှာ ခရစ္စမတ်ပွဲနဲ့ ဘုန်းကြီး ကျောင်း က ဘုံကထိန်ပွဲတို့မှာ အလှူထမင်း အလှူဟင်းတွေ သွားစားလေ့ရှိပါတယ်။ လက်သီး ဆုပ်လောက် ရှိတဲ့ကို သုံးထပ်သား ဝက်သားလုံးကြီးတွေ။ နူးအိ နေအောင် ပေါင်းထားတဲ့ ငါးသလောက် ဟင်း ဆီပြန်တွေကို သွားစားခဲ့တာ လုံးဝ မမေ့ပါဘူး။ အဲဒီတုံးက ကျနော် လဲ သူတို့လို အသက် ၁၃နှစ်အောက် ကလေးအရွယ်ပေါ့။ အိမ်မှာ ထမင်း စားရတာ မကောင်းရင် ရပ်ကွက် ထဲက အလှူဟင်းတွေ လှည့်ပတ်စားသောက် ရတာ ပျော်စရာ အရမ်း ကောင်းပါတယ်။ အမှန်အတိုင်း ရေးပြရရင် ငယ်ငယ်တုံးက ငတ်ခဲ့တဲ့ ဘဝပေါ့ဗျာ။

လုံးဝ မမေ့တဲ့ အဖြစ်အပျက်လေးကတော့ ငယ်ငယ်တုံးက မဟုတ်ပါဘူး။ လူပျို ဖြစ်နေပါပြီ။ ကျနော်တို့ သူငယ်ချင်းတွေ ရန်ကုန်က နာမည်ကြီး အသင်းတော် တစ်ခုကို သွားပြီး ခရစ္စမတ်ပွဲ တရားသွားနားထောင်ခဲ့ကြပါတယ်။ အဲဒီ အသင်းတော် ကလဲ မုန့်ဟင်းခါးကျွေးပါတယ်။ အစည်းအဝေး စတာ အချိန် နဲနဲကြာ သွားတဲ့အတွက် ပြီးချိန်မှာ ဗိုက်အရမ်း ဆာနေကြပါပြီ။ အဲဒီ အသင်းတော်ဟာ လမ်းဆုံ လမ်းခွက နာမည်ကြီး တရားဟောကောင်းတဲ့ နိုင်ငံကျော် ဆရာကြီးရဲ့ အသင်းတော်ဆိုတော့ ခရစ္စမတ်နေ့မှာ လူအလာများ ပါတယ်။ မုန့်ဟင်းခါးကျွေးတော့ လက်မှတ် ဖြတ်ပိုင်း လေးတွေနဲ့ ကျွေးပါတယ်။ မုန့်ဟင်းခါးရုံက သေးနေတဲ့အတွက် လာတဲ့ ပရိတ်သတ် ထိုင်စရာ နေရာ ခက်မှာ စိုးလို့ အချိန်ခွဲပြီး ကျွေးပါတယ်။ ၁၂နာရီ အချိန်ဆို လက်မှတ်အနီရောင်။ ၁နာရီ မှာ လက်မှတ် အစိမ်းရောင်။ ၂နာရီမှာ လက်မှတ် အပြာရောင်ဆိုပြီး ခွဲထားပါ တယ်။ ကျနော်တို့ တစ်ဖွဲ့လုံး ၁နာရီအချိန် ဖြစ်တဲ့ လက်မှတ် အစိမ်းရောင် ကိုယ်စီ ရထားကြပါတယ်။ ပွဲပြီးတာက ၁၂နာရီ ကျော်ကျော် ဆိုတော့ ကျနော်တို့ မုန့်ဟင်းခါး စားရဖို့ နာရီဝက်လောက် စောင့်ရမှာ ပေါ့။ ကျနော်တို့ ငါးယောက် အဖွဲ့ကလဲ မစောင့်နိုင်ကြပါ။ ဗိုက်အရမ်းဆာနေကြပါပြီ။ မုန့်စားရုံထဲ လှမ်းကြည့် လိုက်တော့ ခုံ အလုံး၂၀ စာလောက် လွတ်နေတာ ကို တွေ့လိုက်ရတဲ့ အပြင် မုန့်စားရုံစောင့် လက်မှတ်ကောက်တဲ့ သူကလဲ ရပ်ကွက် ထဲက မျက်မှန်းတန်း နေတဲ့ အသိမိတ်ဆွေ ဖြစ်နေတာမို့ ငါးယောက်သား မတိုင်ပင်ဘဲ မုန့်ဟင်းခါး စားရုံထဲ ခပ်သွက်သွက် လှမ်းဝင်လိုက်ကြပါတယ်။ " ဟာ ဒီလက်မှတ်က အစိမ်းရောင်ကြီး ၁နာရီမှ လာစားပါ " တဲ့။ အသိ ရုံစောင့်က အော်ကျယ်ကျယ် လှမ်းပြော လိုက်တော့ စားရုံထဲက လူတချို့ ကျနော်တို့ အဖွဲ့ကို ခေါင်းထောင် ကြည့်တာ တွေ့လိုက်ရပါတယ်။ " ဒီမှာ အချိန်ရေးထားတာ မမြင်ဘူးလား " ဆိုတဲ့ မေးခွန်းက ကျနော်တို့အဖွဲ့ကို ပိုပြီး ကျုံ့မြီးတိုသွားစေပါတယ်။ ကျနော်တို့ အဖွဲ့က အကုန်လုံး ရန်ကုန်သား စာတတ်ပေတတ်တွေပါဘဲ။ အကုန်လုံး ဘွဲ့ နှစ်ကွမ်းလောက် ရထားတဲ့ သူတွေဖြစ်ပါတယ်။ ကျနော် တစ်ယောက်ထဲ ဘွဲ့ မရသေးတဲ့ သူပါ။ အပေါက် စောင့်ကို ခပ်ချဉ်ချဉ် လှမ်းကြည့်ပြီး ကျနော်တို့ ထွက်လာခဲ့ကြ ပါတယ်။ အဲဒီ ဘုရား ကျောင်း ဝင်းထဲမှာ လက်ဘက်ရည်ဆိုင် တစ်ဆိုင်ရှိပါတယ်။ ဆာနေကြ (ငတ်နေကြ) တာမို့ အဲဒီ ဆိုင်ထဲမှာဘဲ ရရာ အကုန် မှာစားလိုက်ကြ ပါတယ်။ အဲဒီနှစ်က ခရစ္စမတ်ဟာ ကျနော်တို့အတွက် တော်တော်ကြီး ကို အရှက်ကွဲခဲ့တဲ့ ပွဲပါဘဲ။

ဟုတ်ကဲ့ ခင်ဗျာ။ ကျနော်တို့ အားလုံး ငတ်ခဲ့ပါတယ်။ ငတ်ခဲ့ကြဖူးမှာပါ။ ကြိုက် မရှက် ငတ်မရှက် တဲ့။ ဘာတွေကို ငတ်နေပါသလဲ။ အစာ ငတ်နေသူ။ ပညာ ငတ်နေသူ။ အသပြာ ငတ်နေသူ။ စေတနာ ငတ်နေသူ။ ဂုဏ်စည်းစိမ် ငတ်နေ သူ။ ဘုံစည်းစိမ် ငတ်နေသူ။ အာဏာ ငတ်နေသူ။ တဏှာ ငတ်နေသူ၊ ရာထူး ငတ်နေသူ။ မေတ္တာ ငတ်နေသူ။ အချစ်ငတ်နေသူ။ လောကမှာ လူတွေဟာ တစ်ခုခုကို ငတ်နေ ကြပါတယ်။ သောက်လေ ငတ်မပြေ တာ ပင်လယ် ဆားငန်ရေ တဲ့။ ငတ်လို့ မပြေ နိုင်တဲ့ အရာတွေကို သောက်ရင်း ထပ်ထပ်ပြီး ငတ်နေတုံးဘဲ လား ဆိုတဲ့ သင်ရန်စာ တစ်ခုကို ကျနော် ငတ်ခဲ့ဖူးတဲ့ ဘဝနဲ့ ပဲခူးက မုန့်ဟင်းခါး ငတ်နေတဲ့ ကလေးတွေက မီးမောင်း ထိုးပြနေပါတယ်။ " ငါပေးသော ရေကို သောက်သော သူမူကား ရေငတ် ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ယောဟန် ၄း၁၄။ " ဒီနှစ် ခရစ္စမတ်မှာ ကျနော်တို့ရဲ့ ဝိညာဉ်ကို အငတ်ပြေ စေသော သက်စမ်းရေ ပိုင်ရှင်။ ခရစ္စမတ်ရဲ့ အရှင်သခင် ယေရှု ခရစ်တော်ကို နှလုံးသားမှာ ပိုင်ဆိုင်ရယူကာ လောက အငတ် တွေကို ဖြေဖျောက် ကြနိုင်ပါစေလို့ ဆုတောင်းရင်း ခရစ္စမတ် အတွေ့အကြုံ လေးကို ဝေမျှလိုက်ပါတယ်။

(ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ် ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ရကြလတ္တံ့။ မဿဲ ၅း၆)

ဖြောင့်မတ်ခြင်း တရားကို ငတ်နေတဲ့သူတွေဟာ မင်္ဂလာရှိပါတယ်။ လို့ ကျမ်းစာ အဆို ရှိပါတယ်။ လူသားတွေဟာ အပြစ်သားတွေ ဖြစ်တဲ့အတွက် မဖြောင့်မတ် နိုင်ပါဘူး။ ဖြောင့်မတ်သော အရှင်က ခရစ္စမတ်ရာသီချိန်မှာ လူ့ဇာတိခံ မွေးဖွား လာခဲ့တာမို့ ထိုအရှင်ကို ယုံကြည်လက်ခံတဲ့သူဟာ အပြစ်က လွတ်ကာ ဖြောင့် မတ်ခွင့် ရပြီး မင်္ဂလာရှိတဲ့ အသက်တာကို ရရှိမှာ ဖြစ်ပါတယ်။ ကျနော်တို့ ဖြောင့်မတ်ခြင်း တရားကို ငတ်ဖူးပါသလား။ ငတ်ဖူးခဲ့ရင် ဒီနှစ် ခရစ္စမတ်မှာ အငတ်ပြေဖို့ ထိုသခင်ကို ယုံကြည် လက်ခံကြပါစို့။ ။ အစေခံလမ်းမှ - **မင်းအောင်သက်လွင်**




ကာတွန်း - မင်းအောင်သက်လွင်



ပျော်ရွှင်သော ခရစ္စမတ် ဖြစ်ပါစေ။ မည်သူမဆို စာမူများရေးသားပေးပို့နိုင်ပါသည်။
Min Aung Thet Lwin Blk 76A, #30-02, Red Hill Road, Singapore 151076. Phone (+65) 81 222 320 ,email; thelordword@gmail.com,
{ FACEBOOK ; lord's word, lord's heart } [ www.thelordword.com] [ www. jbcs.org.sg] [ www.murann.com]